SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု သတင်းထုတ်ပြန်ချက်**

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၆ ရက်

## ကျောက်မဲမြို့နယ်အတွင်း စစ်ကောင်စီတပ်သားများ၏ အရပ်သား ပြည်သူများအပေါ် တရားလက်လွတ် သတ်ဖြတ်မှုနှင့် အဓမ္မပြုကျင့်မှုများ

၂၀၂၅ ခုနစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်းမှ ကျောက်မဲမြို့မှ ၁၀ ကီလိုမီတာ ခန့်ကွာဝေးသော လယ်တဲတွင် တိမ်းရှောင်နေသော အရပ်သား ၄ ဦးကိုသတ်ဖြတ်ခဲ့ကာ အသက် ၁၆ နှစ်အရွယ်မိန်းကလေး ကိုလဲအဓမ္မပြုကျင့်ခဲ့သည်။ ၂၀၂၅ ခုနစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်းမှ ကျောက်မဲမြို့မှ ၁၀ ကီလိုမီတာခန့်ကွာဝေးသော လယ်တဲတွင် တိမ်းရှောင်နေသော အရပ်သား ၄ ဦးကိုသတ်ဖြတ်ခဲ့ကာ အသက် ၁၆ နှစ်အရွယ်မိန်းကလေးကိုလဲ အဓမ္မပြုကျင့်ခဲ့သည်။ အဆိုပါတပ်ဖွဲ့ဝင်များသည်တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ထံမှ ကျောက်မဲမြို့ကို ပြန်လည်သိမ်းပိုက်ရန် အကြီးစား စစ်ဆင်ရေး တစ်ရပ်တွင် ပါဝင်လျက်ရှိရာ၊ ထိုစစ်ဆင်ရေးကြောင့် ၂၀၂၅ ခုနှစ် ဩဂုတ်လမှ စတင်၍ ဒေသခံရွာသား ၁၀,၀၀၀ ကျော်နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည်။

ထိုနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် ကျောက်မဲမြို့နယ် **နားအိုက်ခန့်** ရွာမှ **စခန်းသာ**ရွာဘက်သို့ ကင်းလှည့်လာ သော အင်အား ၁၀၀ ခန့်ရှိသော စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် လမ်းပေါ်တွင် ရွာသားတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုစစ်သားများက ရွာသားကို စစ်ဆေးမေးမြန်းပြီး ရိုက်နှက်ခဲ့သည်။ ထိုရွာသား ထွက်ပြေးရန်ကြိုးပမ်းသောအခါ စစ်သား နှစ် ဦးသည် အနီးရှိ တဲတစ်လုံးသို့ လိုက်လံဖမ်းဆီး ရာမှ အသက် ၃၀ အရွယ်ခန့်ရှိ သံဃာ (ဦးဇင်း) တစ်ပါးနှင့် တွေ့ဆုံခဲ့သည်။ ဦးဇင်းသည် စစ်သားများကို မြင်၍ ကြောက်လန့်ကာ လယ်ကွင်းထဲသို့ ပုန်းအောင်းရန် ထွက်ပြေး ရန်ကြိုး ပမ်းခဲ့သည်။ စစ်သားများက ဦးဇင်း၏ ညာဘက်မျက်လုံးကိုထိမှန်အောင် ပစ်ခတ်သတ်ဖြတ်ခဲ့ သည်။ ဤသတ်ဖြတ် မှုကို ရွာခေါင်းဆောင်တစ်ဦး မျက်မြင် တွေ့ရှိ ခဲ့သည်။



*စစ်ကောင်စီစစ်ကြောင်း၏ ပစ်သတ်ချင်းကိုခံရသော သံဃာတော်*

ထို့နောက် စစ်သားများက ရွာခေါင်းဆောင်ကို ထိုဧရိယာအတွင်းရှိ လူများ၏ တည်နေရာနှင့် အရေအတွက်ကို မေးမြန်းခဲ့သည်။ ရွာခေါင်းဆောင်က အနီးအနားရှိ လယ်တဲများတွင် လူခုနစ်ဦးခန့် ရှိကြောင်း ပြန်လည်ဖြေကြားသောအခါ စစ်သားများက ထိုသူများကို ခေါ်လာရန် အမိန့်ပေးခဲ့သည်။ သူတို့သည် ရွာခေါင်းဆောင်နောက်ကို မော်တော်ဆိုင်ကယ်များဖြင့် လိုက်ခဲ့ကြပြီး ၎င်းတို့ သတ်ပစ်လိုက်သော ဦးဇင်းထံမှ ယူလာခဲ့သည့် ဆိုင်ကယ်တစ်စီးလည်း ပါဝင်သည်။ တဲတစ်ခုသို့ ရောက်ရှိသောအခါ ရွာခေါင်းဆောင်အပါအဝင် ရွာသားသုံးဦး ထွက်ပြေးလွတ်မြောက် သွားသော်လည်း မိခင်တစ်ဦး၊ အသက် ၁၆ နှစ်အရွယ် သမီးတစ်ဦးနှင့် အသက် ၁၂ နှစ်အရွယ် သားတစ်ဦးတို့ အထဲတွင် ကျန်ရစ်ခဲ့သည်။




*အဓမ္မပြုခံရပြီးအသတ်ခံရသော နန်းသိန်းဆာ (အသက် ၁၆)*

တဲအတွင်းဖြစ်ခဲ့သည့်ဖြစ်စဥ်များအတွက် တိုက်ရိုက်မျက်မြင်သက်သေ မရှိသော်လည်း အခင်းဖြစ်စဥ်နှင့် သက်သေခံပစ္စည်းများက စစ်ကောင်စီတပ်သားများမှ သတ်ဖြတ်မှုနှင့် လိင်အကြမ်းဖက်မှုအတွက် တာဝန်ရှိသည် ကို တိကျစွာ ညွှန်ပြနေသည်။အသက် ၁၆ နှစ်အရွယ်မိန်းကလေးဖြစ်သူမှာ တဲထဲတွင် ကိုယ်လုံးတီး အနေအထားဖြင့် နဖူးနှင့် ခန္ဓာ ကိုယ်တွင် ဒဏ်ရာများနှင့်သွေးများရွဲကာ သေဆုံးနေသည်ကိုတွေ့ခဲ့ရသည်။သူမ၏ အဝတ်များကို မီးဖိုချောင် အနီး တွင်တွေ့ခဲ့ရပြီး စစ်တပ်ယူနီဖောင်း၊အသုံးအဆောင်များနှင့် လက်နက်အချို့မှာ သူမ၏ခန္ဓာကိုယ်အနီးတွင် ကျန် ရစ်ခဲ့သည်။ သူမ၏မိခင်ဖြစ်သူမှာ စစ်သားများအား သမီးဖြစ်သူကို အန္တရာယ်မပြုရန် တောင်းပန်ခဲ့သည်ဟု ယုံကြည်ရသော်လည်း စစ်သားများမှ ရင်ဘတ်ကို ကျည်ဆန်ဖြင့်သေဆုံးသည်အထိ ပစ်သတ်ခဲ့ကြသည်။အသက် ၁၂ နှစ်အရွယ်ကောင်လေးမှာလဲ ၎င်း၏ ဗိုက်နှင့် ခေါင်းတွင်သေနတ်ဒဏ်ရာများဖြင့် ပစ်ခတ်ခံရကာသေဆုံးခဲ့သည်။

၎င်းတို့၏ရုပ်အလောင်းကို နောက်နေ့မနက်တွင်တွေ့မြင်ခဲ့သော ဖခင်ဖြစ်သူက အောက်ပါအတိုင်း အတည်ပြု ခဲ့သည်။

ကျောက်မဲမြို့၌ စစ်ကောင်စီတပ်ဖွဲ့ဝင်များက တရားလက်လွတ်သတ်ဖြတ်မှုနှင့် အဓမ္မပြုကျင့်မှု ကျူးလွန်ခဲ့သည့်နေရာ (၂၀၂၅ စက်တင်ဘာ ၂၄)




"ကျွန်တော်တဲကိုပြန်ရောက်တော့ ကျနော့်မိန်းမကို ရင်ဘတ်မှာကျည်ရာနဲ့မြေပေါ်လဲနေတာတွေ့တယ်၊သားကလဲ သူ့ဘေးမှာလဲနေပြီး သွေးတွေရွဲနေတာ၊သမီးရဲ့အဝတ်အစားတွေကိုလဲမြေပေါ်မှာတွေ့တယ်၊သူ့အလောင်းကိုကျ အဝတ်အစားတွေမပါဘဲတဲထဲမှာတွေ့တယ်၊သူမကအဓမ္မကျင့်ပြီးအသတ်ခံရတာ ဘေးမှာလဲ မြန်မာစစ်တပ်ရဲ့ ဂျတ်စုံ နဲ့ (သေနတ်ပြောင်းခေါင်း)တွေလဲတွေ့တယ်"

ထိုအချိန်အတောအတွင်း စစ်ကောင်စီ၏ လေယာဉ်များ အပေါ်မှ ပျံဝဲနေခဲ့သောကြောင့် အနီးအနားရှိ ရွာသားများသည် ပုန်းအောင်းနေခဲ့ကြရသည်။ **စက်တင်ဘာလ ၂၅ ရက်နေ့**၊ နံနက် **၁၁ နာရီခွဲ**ခန့်တွင်မှ ရွာသားများနှင့် ဆွေမျိုးသားချင်းများက ထိုနေရာသို့ ပြန်လာကြပြီး ဘုန်းကြီးမှ စတင်ကာ သေဆုံးသူများကို မီးသင်္ဂြိုဟ်ခဲ့ကြသည်။

ဤဖြစ်ရပ်တွင် သေဆုံးသွားသူများမှာ-

- အသက် **၃၀** ခန့်ရှိသော **ဘုန်းကြီး**
- လုံးအော၏ ဇနီး **ပါလျန်း**
- ၎င်းတို့၏ သမီး အသက် **၁၆** နှစ်အရွယ် **နန်းသိန်းဆာ**
- ၎င်းတို့၏ သား အသက် **၁၂** နှစ်အရွယ် **စိုင်းသန်းမောင်** တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ကွယ်လွန်သူများ၏ ကျန်ရစ်သူ ခင်ပွန်းနှင့် ဖခင်ဖြစ်သူ အသက် **၄၈** နှစ်အရွယ် လုံးအော က **စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်**အထိ **လွယ်ခေါ်**ရွာတွင် ရွာလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အိမ်မှ ထွက်ခွာခဲ့ကြောင်း ရှင်းပြသည်။



*ပစ်သတ်ခံရသောမိခင်*



*ပစ်သတ်ခံရသော အသက် ၁၂ နှစ်အရွယ် ကောင်လေး*

**စက်တင်ဘာလ ၂၄ ရက်**တွင် အခြားရွာသားများက သူ့မိသားစု အသတ်ခံလိုက်ရကြောင်း အကြောင်းကြားခဲ့သည်။ သူသည် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပြန်လာရန် ရှိသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အခြားရွာသားတစ်ဦးကို တာဝန်လွှဲရန် မဖြစ်နိုင်သေးသဖြင့် ချက်ချင်း မပြန်နိုင်ခဲ့ပေ။ **စက်တင်ဘာလ ၂၄ ရက်** ညနေ **၃ နာရီ**တွင် သူသည် ၎င်း၏နေအိမ် **နားအိုက်နန့်**ရွာသို့ ပြန်ရောက်ခဲ့သော်လည်း တိုက်လေယာဉ်မှ ဗုံးကြဲချနေသည့်အတွက် ထိုနေ့တွင် လယ်တဲသို့ မသွားခဲ့ပေ။ **စက်တင်ဘာလ ၂၅ ရက်** နံနက် **၇ နာရီခွဲ**ခန့်တွင် သူနှင့် ဆွေမျိုးနှစ်ဦးတို့ လယ်တဲသို့ သွားရောက်ခဲ့ရာ ၎င်း၏ဇနီးနှင့် သားသမီးများ သေဆုံးနေသည်ကို အတည်ပြုခဲ့သည်။

**နားအိုက်ခန့်**ရွာတွင် အိမ်ခြေ **၁၅၀** ခန့်နှင့် လူဦးရေ **၃၅၀** ကျော် နေထိုင်သည်။ ဖြစ်ပွားချိန်တွင် ရွာသား အများစုသည် တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားနေမှုကြောင့် ထိုဒေသမှ ထွက်ပြေး တိမ်းရှောင်နေကြရသည်။

**ကျောက်မဲမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ**

- **စက်တင်ဘာလ ၈ ရက်**၊ ညနေ **၃ နာရီ**တွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်တစ်စီးက ကျောက်မဲမြို့၊ **တောင်ဆေးလိပ်**တွင် ဗုံးကြဲချခဲ့ပြီး အိမ်များစွာ ပျက်စီးခဲ့သည်။
- **စက်တင်ဘာလ ၉ ရက်**၊ နေ့လယ် **၁၂ နာရီ ၂၆ မိနစ်**မှ **၁၂ နာရီ ၃၀ မိနစ်**ကြားတွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်တစ်စီးက ကျောက်မဲမြို့ အရှေ့ဘက်ရှိ **လွယ်ခေါ်**ရွာတွင် ဗုံးနှစ်လုံး ကြဲချခဲ့သည်။

ညနေ **၆ နာရီခွဲ**တွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်တစ်စီးက **တောင်ဆေးလိပ်**ရွာတွင် ဗုံးကြဲချခဲ့ရာ အိမ်များစွာ ပျက်စီးခဲ့သည်။

- **စက်တင်ဘာလ ၁၁ ရက်**တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ **ခိုင်းတုန်ဟုန်း**ရွာသို့ ရောက်ရှိခဲ့သည်။

- **စက်တင်ဘာလ ၁၂ ရက်**၊ နံနက် **၈ နာရီ**တွင် **ငြိမ်းချမ်းရေးကုန်း**ကို လေကြောင်းတိုက်ခိုက်ခဲ့ပြီး ညနေ **၆ နာရီ**တွင် **စခန်းသာ**နှင့် **ခိုင်းတုန်ဟုန်း**ရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ နေ့လယ် **၁ နာရီ**တွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်တစ်စီးက **တောင်ဆေးလိပ်**ရွာတွင် ဗုံးကြဲချခဲ့ရာ အိမ်များစွာ ပျက်စီးခဲ့သည်။

- **စက်တင်ဘာလ ၁၃ ရက်**၊ နံနက်ပိုင်းတွင် စစ်ကောင်စီက **ကုန်းကော်**ရွာနှင့် **ခိုင်းတုန်ဟုန်း**ရွာသို့ လက်နက်ကြီး **၇** လုံး ပစ်ခတ်ခဲ့ပြီး မောင်းသူမဲ့လေယာဉ် (ဒရုန်း) များဖြင့် တိုက်ခိုက်ခဲ့သည်။ ညနေပိုင်းတွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်တစ်စီးက **နားအိုက်ခန့် ပန်ဟိုက်**နှင့် **ခိုင်းတုန်ဟုန်း**ရွာများသို့ ဗုံးကြဲချခဲ့သည်။

- **စက်တင်ဘာလ ၁၆** ရက်နှင့် **၁၇** ရက်များတွင် စစ်ကောင်စီ လေယာဉ်များက **မက်မန်ကုန်းဆာ**ရွာတွင် ဗုံးများကြဲချခဲ့ရာ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် အိမ် **၅** လုံး ပျက်စီးခဲ့သည်။

- **စက်တင်ဘာလ ၁၈ ရက်**၊ ညနေ **၃ နာရီ**တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **ဂုတ်ထိပ်တံတားမှ နောင်ပစ်**ရွာသို့ လက်နက်ကြီး **၇** လုံး ပစ်ခတ်ခဲ့ပြီး မောင်းသူမဲ့လေယာဉ် (ဒရုန်း) များဖြင့် တိုက်ခိုက်ခဲ့ရာ အိမ်များစွာ ပျက်စီးခဲ့သည်။

- **စက်တင်ဘာလ ၂၀ ရက်**၊ နံနက် **၈ နာရီ**တွင် တိုက်ပွဲဖြစ်ပွားနေစဉ် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **မိုင်းတင်း** နယ်မြေအနီးတွင် လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။ နံနက် **၁၁ နာရီ**တွင် စစ်ကောင်စီ တပ်ဖွဲ့ ဝင်များက **နားအိုက်ခန့်**ရွာအတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သည်။

- **စက်တင်ဘာလ ၂၂ ရက်**၊ ညပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **စခန်းသာ**ရွာအတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခဲ့ရာ ရွာသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

- **စက်တင်ဘာလ ၂၃ ရက်**၊ နံနက် **၁၀ နာရီ**မှ နေ့လယ် **၁၂ နာရီ**ကြားတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **နမ့်ဟူး**ရွာအနီးရှိ **ပေါက်အင်းလေး (ပေါက်အန်းအွန်)** ရွာ၊ **ငြိမ်းချမ်းရေးကုန်း**၊ **နားအိုက်ခန့်**၊ **စခန်းသာ**နှင့် **လုံပိုင်**ရွာများအတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခဲ့သည်။ ညနေ **၃ နာရီ**တွင် စစ်ကောင်စီ၏ လက်နက်ကြီးများကြောင့် **ပန်ပေါင်း** ရွာတွင် အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကာ အိမ်များ စွာ ပျက်စီးခဲ့သည်။ ညနေ **၄ နာရီ**တွင် စစ်ကောင်စီ၏ Y-12 ဂျက်တိုက်လေယာဉ်တစ်စီးက **နမ့်ဆော့**ရွာတွင် ပေါင် **၂၅၀** ဗုံးတစ်လုံး ကြဲချခဲ့ရာ အိမ်များစွာ ပျက်စီးခဲ့သည်။


- **စက်တင်ဘာလ ၂၄ ရက်**၊ ညနေ ၇ **နာရီ**တွင် စစ်ကောင်စီ၏ Y-12 ဂျက်တိုက်လေယာဉ်တစ်စီးက **ပင်တီး**ရွာဘုန်းကြီးကျောင်းတွင် ပေါင် **၂၅၀** ဗုံးနှစ်လုံး ကြဲချခဲ့ရာ ဘုန်းကြီးကျောင်းရှိ အဆောက်အအုံများစွာ ပျက်စီးခဲ့သည်။
- **စက်တင်ဘာလ ၂၅ ရက်**၊ နံနက်ပိုင်းမှ ညပိုင်းအထိ စစ်ကောင်စီတပ်ဖွဲ့ဝင်များက **စခန်းသာ**ရွာ နှင့်**လုံပိုင်**ရွာတို့သို့ လက်နက်ကြီး **၆၀** လုံးကျော် ပစ်ခတ်ခဲ့ရာ အိမ်များစွာ ပျက်စီးခဲ့သည်။ နံနက် **၁၁ နာရီခွဲ**တွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်တစ်စီးက **စခန်းသာ**တွင် ဗုံးကြဲချခဲ့သည်။
- **စက်တင်ဘာလ ၂၆ ရက်**၊ နံနက်ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **စခန်းသာ**ရွာဘက်သို့ ကင်းလှည့်ခဲ့သည်။ နေ့လယ်ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **ပါပုတ်**ရွာသို့ လက်နက်ကြီးများနှင့် ဒရုန်းဗုံးများ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အသက် **၆၉** နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးပြီး အိမ်များစွာ ပျက်စီးခဲ့သည်။
- **စက်တင်ဘာလ ၂၇ ရက်**၊ နေ့လယ်ပိုင်းတွင် စစ်ကောင်စီ၏ Y-12 ဂျက်တိုက်လေယာဉ်တစ်စီးက **နမ့်စပ်**ရွာတွင် ဗုံး **၄** လုံး ကြဲချခဲ့ရာ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် အိမ် **၅** လုံး ပျက်စီးခဲ့သည်။ ထိုနေ့ ညနေ **၄ နာရီ**တွင် စစ်ကောင်စီ၏ Y-12 ဂျက်တိုက်လေယာဉ်တစ်စီးက **ပန်ကွမ်**နယ်မြေရှိ **ပန်သပြေ**ရွာနှင့် ဘုန်းကြီးကျောင်းတွင် ပေါင် **၅၀၀** ဗုံးနှစ်လုံး ကြဲချခဲ့ရာ အိမ် **၂၀** နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း ပျက်စီးခဲ့သည်။



*ပန်ကွမ်ကျေးရွာအုပ်စုတွင် လေကြောင်းတိုက်ခိုက်မှုကြောင့်ပျက်စီးသွားသော ကျေးရွာဘုန်းကြီးကျောင်း*

- **စက်တင်ဘာလ ၂၈ ရက်**၊ ညနေ **၃ နာရီ**တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **လုံပိုင်**ရွာအတွင်းသို့ လက်နက်ကြီး **၃၀** လုံးကျော် ပစ်ခတ်ခဲ့ရာ အိမ်များစွာ မီးလောင်ပျက်စီးခဲ့သည်။
- **စက်တင်ဘာလ ၂၉ ရက်**၊ နေ့လယ် **၁ နာရီ**ခွဲတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက **ခိုမုန်း**ရွာတွင် ဒရုန်းဗုံး **၄** လုံး ကြဲချခဲ့ရာ အိမ် **၁၀** လုံး မီးလောင်ပျက်စီးခဲ့သည်။

ကျောက်မဲမြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သားပြည်သူများ ထိခိုက်သေဆုံး/ပျက်စီးဆုံးရှုံး




## ဆက်သွယ်ရန်

| | | |
|---|---|---|
| စိုင်းဟော်ရှဲန် | +66 94 728 6696 | Signal (ရှမ်း၊ အင်္ဂလိပ်) |
| ယိင်းလျန်းဟန် | +1 825 425 4099 | Signal (မြန်မာ) |
| စိုင်ဟတ်စစ် | +1 343 304 5332 | Signal (အင်္ဂလိပ်၊ ရှမ်း) |